# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

June 18, 2025 | Volume 91, Number 13


**၁၈.၆.၂၀၂၅**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၁၈.၃၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၅.၅၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၂၆.၃၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၅.၀၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၂၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၃၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၉၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၄.၁၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၄၅ ကျပ် |

Source: CBM Rate, etrademyanmar.com



**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## မြန်မာ့စိုက်ပျိုးရေးကုန်စည်ပြပွဲ၌ ပြခန်း ၁၂၀ ခန့် ပြသမည်




မြန်မာ့စိုက်ပျိုးရေးပြပွဲ AGRI TECH MYANMAR 2025 မှာ ပြခန်းပေါင်း ၁၂၀ ခန့် ပါဝင်ပြသသွားမယ်လို့ ပွဲစီစဉ်သူ ဦးဇာနည်က ပြောပါတယ်။

အဲဒီပြပွဲကို Silver Sea International ကုမ္ပဏီက ကြီးမှူးကျင်းပမှာဖြစ်ပြီး ရန်ကုန်မြို့ရှိ ရန်ကုန်ကွန်ဗင်းရှင်းစင်တာ(YCC)မှာ ဇွန်လ ၂၇ ရက်ကနေ ၂၉ ရက်အထိ ၃ ရက်တိုင်တိုင် ကျင်းပမှာဖြစ်တယ်လို့ သိရပါတယ်။

စိုက်ပျိုးရေးနည်းပညာအသစ်တွေ၊ ဝန်ဆောင်မှုနဲ့လယ်ယာသုံးစက်ပစ္စည်းတွေ၊ မျိုးစေ့နဲ့မြေဩဇာတွေကို တောင်သူတွေနဲ့လုပ်ငန်းရှင်တွေကို မိတ်ဆက်ပေးနိုင်ဖို့၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန် ကုန်ကြမ်းနဲ့ကုန်ချောတွေကို ပြည်တွင်းပြည်ပဈေးကွက်နဲ့ ပိုမိုချိတ်ဆက်နိုင်ဖို့ရည်ရွယ်ပြီး အခုလိုကျင်းပတာဖြစ်တယ်လို့ ဆိုပါတယ်။

ပြပွဲကနေ စိုက်ပျိုးရေးထွက်ကုန်တွေကို ကုန်ချောထုတ်လုပ်ရာမှာအသုံးပြုတဲ့ ဆန်စက်၊ ဆီစက်၊ မွေးမြူရေးအစာစက်၊ အအေးခန်းစက်ပစ္စည်း၊ အစားအသောက်ပြုလုပ်ထုတ်လုပ်တဲ့စက်စတာတွေနဲ့နည်းပညာတွေကို လုပ်ငန်းရှင်တွေက လေ့လာဝယ်ယူနိုင်မယ်လို့ သိရပါတယ်။

အဲဒီအပြင် စိုက်ပျိုးမွေးမြူရေးနဲ့အစားအသောက်ထုတ်လုပ်တဲ့ လုပ်ငန်းရှင်တွေအချင်းချင်း၊ တောင်သူတွေအချင်းချင်း ပြပွဲမှာ တွေ့ဆုံပြီး အတွေ့အကြုံတွေ ဖလှယ်နိုင်မှာဖြစ်တယ်လို့လည်း ဆိုပါတယ်။

ပြပွဲမှာ စိုက်ပျိုးရေးသုံးဆေးဝါးတွေ၊ မြေဩဇာနဲ့မျိုးစေ့တွေ၊ လယ်ယာသုံးထွန်စက်၊ ကောက်ရိတ်စက်၊ ရိတ်သိမ်းချွေလှေ့စက်၊ ဂရင်းဟောက်စ်တွေ၊ ရေပေးဝေရေးစနစ်တွေ အပါအဝင် စိုက်ပျိုးမွေးမြူရေးနဲ့ရေလုပ်ငန်းထုတ်ကုန် ကုန်ချောထုတ်လုပ်တဲ့စက်တွေ၊

အအေးခန်းစက်၊ ထုပ်ပိုးစက်၊ ဆိုလာနဲ့စွမ်းအင်ဆိုင်ရာဆက်စပ်ပစ္စည်းတွေနဲ့ နည်းပညာအစရှိတာတွေကို ပြသသွားမယ်လို့ သိရပါတယ်။

AGRI TECH MYANMAR 2025 ပြပွဲနဲ့အတူ Food & Beverage Myanmar/HoReCa Myanmar 2025 Myanmar Power & Machinery Show 2025 ပြပွဲတွေကိုပါ ပူးတွဲကျင်းပသွားမှာ ဖြစ်ပါတယ်။ အဲဒီပြပွဲမှာ နိုင်ငံတစ်ဝှန်းက ဆန်စက်၊ ဆီစက်၊ စားသောက်ကုန်ထုတ်လုပ်ငန်း၊ ဟိုတယ်၊ စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်လုပ်ငန်းတွေမှာ မရှိမဖြစ်လိုအပ်တဲ့ ထုတ်လုပ်မှုပစ္စည်းတွေ၊ ထုပ်ပိုးစက်ပစ္စည်းတွေအတွက်လိုအပ်တဲ့ လုပ်ငန်းသုံးပစ္စည်းတွေနဲ့ လျှပ်စစ်အတွက်လိုအပ်တဲ့ ထရန်စဖော်မာ၊ ဂျင်နရေတာ၊ ဆိုလာနဲ့ဘက်ထရီတွေကို ပါဝင်ပြသသွားမှာဖြစ်တယ်လို့လည်း YCC က ကြေညာထားပါတယ်။

Source : https://onenewstvchannel.com/

## ကြက်ဟင်းခါးသီးစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ




မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ ငရုတ်စသည့် သီးနှံမျိုးစုံ စိုက်ပျိုးကြသည့်အပြင် ကြက်ဟင်းခါးသီးနှံကိုလည်း တစ်ပိုင်တစ်နိုင်စိုက်ပျိုးကြရာမှ စီးပွားဖြစ်စိုက်ပျိုးလာကြကြောင်း သိရသည်။

ကြက်ဟင်းခါးသီးကို ရာသီမရွေးစိုက်ပျိုးနိုင်၍ စိုက်ပျိုးပြီး သုံးလခန့်အကြာတွင် ခူးဆွတ်ရောင်းချရကြောင်း၊ ဗိုလ်တထောင်ကြက်ဟင်းခါးသီးမျိုးများကို စိုက်ပျိုးရာတွင် မျိုးစေ့ကိုပျိုးထောင်၍ ပျိုး ၂၀ ရက်သားခန့်အရွယ်တွင် မြေချစိုက်ပျိုးရကြောင်း၊ မျိုး၊ မြေပြင်ခြင်း၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၈ သိန်းခန့် ကုန်ကျကြောင်း၊ ကြက်ဟင်းခါးသီးကို ငါးရက်ခြားတစ်ကြိမ်ခူးဆွတ်ရပြီး အပင်သက်တမ်း ငါးလခန့်အထိ ခူးဆွတ်နိုင်ကြောင်း၊ တစ်ပတ်နှင့်တစ်ပတ်အထွက်နှုန်းများ ပိုမိုထွက်ရှိလာပြီး တစ်ဧကလျှင် စုစုပေါင်းပိဿာချိန် ၁၅၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့်ကုန်စိမ်းပွဲစားများက စိုက်ခင်းသို့လာရောက်ဝယ်ယူကြပြီး ပွဲစားများမှတစ်ဆင့် ကျောက်ဆည်၊ မန္တလေးနှင့်ရန်ကုန်မြို့များသို့ တင်ပို့ရောင်းချကြကြောင်း၊ ကြက်ဟင်းခါးသီးစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်များရရှိကာ အဆင်ပြေလျက်ရှိကြောင်း တောင်သူတစ်ဦးထံက သိရသည်။

**Source : ကြေးမုံသတင်းစာ**

## ကြက်သွန်နီ အရောင်းအဝယ်အေးပြီး ဈေးနိမ့်လာ



ဇွန်လတတိယပတ်တွင် ကြက်သွန်နီဈေးကွက်အခြေအနေမှာ ပြည်ပတင်ပို့မှုအေးနေပြီး ပြည်တွင်းဈေးကွက်မှာလည်း အရောင်းအဝယ်အေးဈေးအေးနေကြောင်းသိရသည်။

မန္တလေးဈေးကွက်တွင် ကြက်သွန်နီတစ်ပိဿာဈေးနှုန်းများမှာ ယခုတစ်ပတ် လက်ကားဈေး တစ်ပိဿာလျှင် အနိမ့်စ ၁၄၀၀ ကျပ်မှ အမြင့်စ ၁၈၀၀ ကျပ်၊ ယခင်တစ်ပတ် အနိမ့်စ ၁၀၀၀ ကျပ်မှ အမြင့်စ ၁၅၀၀ ကျပ်၊ ယခင်လ အနိမ့်စ ၁၄၀၀ မှ ၁၈၀၀ ကျပ်ဖြစ်သည်။

ကျောက်ဆည်ဈေးကွက်တွင် ကြက်သွန်နီ တစ်ပိဿာဈေးနှုန်းများမှာ ယခုတစ်ပတ် လက်ကားဈေး ၁၃၀၀ ကျပ်မှ ၁၇၀၀ ကျပ်၊ လက်လီဈေး ၁၄၀၀ ကျပ် မှ ၁၈၀၀ ကျပ် ဖြင့် အရောင်းအဝယ်ဖြစ်နေသည်။

မြင်းခြံဈေးကွက်သို့ ယခုတစ်ပတ်အတွင်း ကြက်သွန်သွန်နီကုန်ချိန်ပိဿာ ၅၀,၀၀၀ မှ ၈၀,၀၀၀ ခန့် ဝင်ရောက်ရောင်းဝယ်မှုရှိပြီး၊ လက်ကားဈေးအနိမ့်စ ၅၀၀ ကျပ်မှ အမြင့်စ ၁၃၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။

**Source :** https://myantrade.gov.mm/

## တနင်္သာရီတိုင်း၊ မြိတ်မြို့ပေါ်ရှိကွမ်းရွက်ဈေးနှုန်း



တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်တွင် ကွမ်းရွက်စိုက်ပျိုးသူများပြားကြောင်း သိရသည်။

ကွမ်းရွက်သည် ဆေးဖက်ဝင်ပစ္စည်းတစ်မျိုးဖြစ်သည့်အပြင် မြန်မာလူမျိုးများ အများဆုံးစားသုံးကြသည့် ကွမ်းယာတွင်မပါမဖြစ်သော အဓိကပါဝင်ပစ္စည်းတစ်မျိုးဖြစ်သည်။ ယခုအခါ ကုန်ဈေးနှုန်းများ မြင့်တက်နေသော်လည်း ကွမ်းရွက်ဈေးနှုန်းမှာ ကျဆင်းနေကြောင်း သိရသည်။

ကွမ်းရွက်ဈေးနှုန်းကျဆင်းရခြင်းသည် လမ်းပန်းဆက်သွယ်ရေးအခြေအနေကြောင့်ဖြစ်ကြောင်းသိရသည်။ ကွမ်းရွက်ကို မိုးကာလတွင် အများဆုံးစိုက်ပျိုးကြပြီး မိုးနှင့်ဆောင်းကာလများတွင် ဈေးကောင်းရရှိကြောင်းနှင့် ယခုမိုးရာသီတွင် ကွမ်းရွက်စိုက်ပျိုးသူများ ပိုမိုများပြားကြောင်း သိရသည်။

ယခု ဇွန်လပထမပတ်တွင် မြိတ်မြို့ပေါ်ရှိ ကွမ်းရွက်အကြီး အရွက် ၅၀ ပါတစ်စည်းလျှင် ၄၀၀ ကျပ်ရှိပြီး၊ ကွမ်းရွက်အငယ် အရွက် ၅၀ ပါတစ်စည်းလျှင် ၁၀၀ ကျပ်ရှိကြောင်း ကွမ်းရွက်စိုက်ပျိုးသူများထံက သိရသည်။

**Source : DOCA(တနင်္သာရီ)**

https://www.doca.gov.mm/

## စစ်ကိုင်းတိုင်းဒေသကြီးတွင် နွေစပါးများ စတင်ရိတ်သိမ်း



စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်နွေစပါးလျာထား ၂၅၀,၀၀၀ လျာထားပြီး စပါးစိုက်တောင်သူများ အနေဖြင့် သဖန်းဆိပ်ရေလှောင်တမံ၊ ကင်းတပ်ဆည်၊ ကာဘိုးဆည်တို့မှ ရေကို အဓိကအားထားစိုက်ပျိုးပြီး လိုအပ်ပါက စက်ရေတွင်းများဖြင့် ရေတင်စိုက်ပျိုးကြပြီး ယခုနှစ်တွင် နွေစပါးဧကပေါင်း ၂၂၀,၀၀၀ ခန့် စိုက်ပျိုးနိုင်ခဲ့သည်။

အများဆုံးစိုက်ပျိုးကြသောခရိုင်များမှာ ဧက ၁ သိန်းကျော် စိုက်ပျိုးသော ရွှေဘိုခရိုင်၊ ဧက ၃၅,၀၀၀ ကျော် စိုက်ပျိုးသော ရေဦးခရိုင်နှင့်ကန့်ဘလူခရိုင်မှ ဧက ၂၂,၀၀၀ ကျော် စိုက်ပျိုးပြီး၊ ကသာခရိုင်၊ ဟုမ္မလင်းခရိုင်၊ စစ်ကိုင်းခရိုင်၊ မော်လိုက်ခရိုင်၊ ကောလင်းခရိုင်၊ ကလေးခရိုင်၊ ယင်းမာပင်ခရိုင်၊ မုံရွာခရိုင်၊ ခန္တီးခရိုင်၊ နာဂ ဒေသတွင်လည်း စိုက်ပျိုးနိုင်ခဲ့သည်။

မေလနောက်ဆုံးပတ်တွင်နွေစပါးဧက ၅၀,၀၀၀ ကျော် ရိတ်သိမ်းပြီးစီးနေကြောင်း တိုင်းစိုက်ပျိုးရေးက သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ဇွန်လဒုတိယပတ်၌ဖြစ်ပေါ်နေသော စပါးဈေးနှုန်း၊ ဆန်ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်း (သစ်) စပါးတင်း ၁၀၀ လျှင် ၄,၅၀၀,၀၀၀ ကျပ်နှင့် ဆန်တစ်အိတ်လျှင် ၁၄၅,၀၀၀ ကျပ်၊ ဧရာမင်း (သစ်) စပါးတင်း ၁၀၀ လျှင် ၂,၅၀၀,၀၀၀ ကျပ်နှင့် ဆန်တစ်အိတ်လျှင် ၁၂၅,၀၀၀ ကျပ်၊ ကလေးဧည့်မထ(သစ်)စပါးတင်း ၁၀၀ လျှင် ၁,၇၀၀,၀၀၀ ကျပ်နှင့် ဆန်တစ်အိတ်လျှင် ၆၈,၀၀၀ ကျပ်၊ ကလေးဧရာမင်း (သစ်) စပါးတင်း ၁၀၀ လျှင် ၂,၁၀၀,၀၀၀ ကျပ်နှင့် ဆန်တစ်အိတ်လျှင် ၈၅,၀၀၀ ကျပ်၊ အင်းတော် ဆင်း(၃) (သစ်) စပါးတင်း ၁၀၀ လျှင် ၁,၆၀၀,၀၀၀ ကျပ်နှင့် ဆန်တစ်အိတ်လျှင် ၈၀,၀၀၀ ကျပ်၊ မုံရွာဧရာမင်း (ဟောင်း) စပါးတင်း ၁၀၀ လျှင် ၂,၈၅၀,၀၀၀ ကျပ်နှင့် ဆန်တစ်အိတ်လျှင် ၁၃၅,၀၀၀ ကျပ်၊ ဧရာမင်း (သစ်) စပါးတင်း ၁၀၀ လျှင် ၂,၅၀၀,၀၀၀ ကျပ်နှင့် ဆန်တစ်အိတ်လျှင် ၁၂၅,၀၀၀ ကျပ်နှင့် မနောသုခ(သစ်) စပါးတင်း ၁၀၀ လျှင် ၁,၉၀၀,၀၀၀ ကျပ်နှင့် ဆန်တစ်အိတ်လျှင် ၈၃,၀၀၀ ကျပ်ရှိနေပြီး ယခင်လကုန်ပတ်နှင့်နှိုင်းယှဉ်ပါက ဆန်ဈေး/စပါးဈေးများ အနည်းငယ်မြင့်တက်လာကြောင်း သိရသည်။

**Source : စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး**

https://myantrade.gov.mm/

## စားသုံးပိုလျှံ အသားတိုးကြက်ခြံ



ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊လက်ပံတန်းမြို့နယ် ကန်တစ်ရာတွင် ၂၀၂၀ ခုနှစ်မှ စတင်၍အသားတိုး ကြက်မွေး မြူရေးကို စတင်လုပ်ကိုင်ခဲ့သည်။

ကန်တစ်ရာစီမံကိန်းကို အစပြုပြီးအသားတိုးကြက်မွေးမြူရေးလုပ်ငန်းများကို ငါးကန်အပေါ်တွင်ခြံပြုလုပ်ပြီး မွေးမြူလျက်ရှိသည်။ရေအောက်တွင် ငါးများမွေးမြူပြီးအပေါ်တွင် အသားတိုးကြက်များမွေးမြူရာ ခြံ ၆ ခြံရှိသည်။

ကြက်သားပေါက်များကို ရန်ကုန်မှ ၁ ကောင်လျှင် ၃၀၀၀ ကျပ်ဖြင့် ဝယ်ယူရသည်။ ခြံတစ်ခြံလျှင် ကြက်အကောင် ၃၀၀၀ ထည့်၍မွေးမြူရသည်။ အကောင်ငယ်ကလေးများကို မီးသွေးဖြင့် ၁၅ရက်အပူပေးရသည်။ တစ်ရက်လျှင် မီးသွေး ၁၀ – ၆ အိတ် ကုန်ကျပါသည်။

အစားကျွေးရာတွင် ကြက်ငယ်စာ ၁ အိတ်လျှင် ၁၄၄,၃၅၀ ကျပ်ဖြင့် ၃၀ အိတ်၊ ကြက်လတ်စာ ၁ အိတ်လျှင် ၁၃၇,၉၀၀ ကျပ်ဖြင့် ၁၀၀ အိတ်၊ ကြက်ကြီးစာ ၁အိတ်လျှင် ၁၃၂,၆၅၀ ကျပ်ဖြင့် ၁၀၀ အိတ်အထိ ၄၅ ရက်ကြာကျွေးရသည်။ ၄၅ ရက်ကြာ မွေးမြူပြီးပါက ၁ ပိဿာ ၇၀ ကျပ်သားအရွယ်တွင်ရောင်းတန်းဝင် အသားတိုးကြက်များရရှိပြီး ရောင်းချနိုင်ကြောင်း သိရသည်။

အသားတိုးကြက်ခြံတစ်ခြံအတွက် အစာစုစုပေါင်းကုန်ကျစရိတ်မှာ ကျပ် ၃၁၃ သိန်းကျော်ဖြစ်ပြီး အကောင်ပေါက်မှ ၁ ပိဿာ ၇၀ ကျပ်သား အရွယ်ရှိလာသည့်အထိ မီးသွေး ၁၅ ရက်စာအတွက် ၁၃ သိန်းကျော်၊ အလုပ်သမားခ ၃ ဦးမှ၄ ဦးအထိ ၁ လလျှင် ၄ သိန်းကျပ်၊ ကြက်ပေါက်တစ်ကောင်လျှင် ၃၀၀၀ ကျပ်နှင့်၉၀ သိန်းခန့်ရှိသည်။

ကြက်အကောင် ၃၀၀၀ မွေးလျှင် ၃၀၀ ခန့် အသေအပျောက်ရှိသည်။ ကြက်အကောင်ပေါက်မွေးသည်မှ ရောင်းချသည့် အထိစုစုပေါင်း ကျပ်သိန်း ၄၂၀ ကျော်ကုန်ကျပါသည်။ ကြက်တစ်ပိဿာလျှင် ၉၆၀၀ ကျပ်ဖြစ်ပြီး ကြက် ၄၅၉၀ ပိဿာ ရောင်းရငွေမှာ ၄၄၀ သိန်းခန့်ရှိပါသည်။ ကုန်ကျစရိတ်၊ အစာ၊ လုပ်အားခအားလုံးနုတ်ယူပြီး ရရှိသည့်အမြတ်ငွေမှာ ၁၉ သိန်းခန့် ရှိကြောင်းသိရသည်။

မွေးမြူထားသည့် အသားတိုးကြက်များကို လက်ပံတန်းမြို့ဒေသတွင်းနှင့် အနီးအနားမြို့များသို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source : DOCA(ပဲခူး)**

https://www.doca.gov.mm/

## တောင်ကိုရီးယားနိုင်ငံသည် ဇွန်လ ၁၀ ရက်အတွင်း ပို့ကုန်တင်ပို့မှု ၅ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်ခဲ့



ဇွန်လ ၁၀ ရက်အတွင်း ကိုရီးယားနိုင်ငံ၏ ပို့ကုန်တင်ပို့မှုသည် ဂဏန်းတစ်လုံးခန့်မြင့်တက်လာကြောင်း ဇွန်လ ၁၁ ရက်နေ့အကောက်ခွန်ရုံးအချက်အလက်များ၏ ဖော်ပြချက်အရ သိရသည်။

ဇွန်လ ၁ ရက်နေ့မှ ၁၀ ရက်နေ့အထိ တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၄၇ ဘီလီယံ အထိရှိပြီး ၂၀၂၄ ခုနှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၅ ဒသမ ၄ ရာခိုင်နှုန်း တိုးလာကြောင်း သိရသည်။

၁၀ ရက်တာကာ လအတွင်းနေ့စဉ်ပျမ်းမျှပို့ကုန်သည် ၁၅ ရာခိုင်နှုန်းမှ ၂ ဒသမ၈၂ ဘီလီယံ ဒေါ်လာသို့မြင့်တက်လာခဲ့သည်။ တစ်ပိုင်းလျှပ်ကူးပစ္စည်းတင်ပို့မှုသည် ၂၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ဒေါ်လာ ၃ ဒသမ ၆၃ ဘီလီယံနှင့် မော်တော်ကား တင်ပို့မှုသည် ၈ ဒသမ ၄ ရာခိုင်နှုန်းမှ ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံအထိမြင့်တက်လာခဲ့သည်။

ဆီထွက်ကုန်များ၊ မိုဘိုင်းစက်ပစ္စည်းများနှင့်အိမ်သုံးပစ္စည်းများတင်ပို့မှုတွင်ဂဏန်းနှစ်လုံးဖြင့် ကျဆင်းခဲ့သော်လည်း ကွန်ပျူတာများနှင့် မော်တော်ယာဉ်အစိတ်အပိုင်းများအတွက် ဂဏန်းနှစ်ဆဖြင့် တိုးမြင့်လာခဲ့သည်။

သွင်းကုန်များ တင်သွင်းမှု သည် အစောပိုင်းနှစ်များကထက် ၁၁ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ဇွန်လပထမ ၁၀ ရက်အတွင်း ကန်ဒေါ်လာ ၁၇ ဒသမ ၁၈ ဘီလီယံအထိ မြင့်တက်ခဲ့ပြီး ကုန်သွယ်မှုလိုငွေ ကန်ဒေါ်လာ ၁ ဒသမ ၇၁ ဘီလီယံအထိ ရှိခဲ့သည်။

ဆီမီးကွန်ဒတ်တာများ၊ စက်ယန္တရားများ၊ သဘာဝဓာတ်ငွေ့၊ ကားများနှင့် မိုဘိုင်းဖုန်းများအတွက်တင်သွင်းမှုသည် နှစ်ဆတိုးလာသော်လည်း ရေနံစိမ်းနှင့် ရေနံထွက်ကုန်များ အတွက် ဂဏန်းတစ်လုံးစာခန့်ကျဆင်းခဲ့သည်။

**Source: Xinhua**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## ရောင်းအားကျဆင်းနေသောကြောင့် ဘာလီရှိ Coca-Cola စက်ရုံအား ပိတ်သိမ်းသွားမည်




အင်ဒိုနီးရှားနိုင်ငံ ခရီးသွားလုပ်ငန်း၏ ဗဟိုဖြစ်သော ဘာလီကျွန်း၊ Badung Regency ရှိ Coca-Cola ကုမ္ပဏီသည် ရောင်းအားကျဆင်းသွားခြင်းကြောင့် ဇွန်လ ၁၃ ရက်နေ့၌ ၎င်း၏စက်ရုံကို ပိတ်ပစ်ရန်ဆုံးဖြတ်ခဲ့ကြောင်း ကုန်သွယ်ရေးအရာရှိတစ်ဦးကပြောသည်။

ရောင်းအားကျဆင်းမှုမှာ ပိတ်သိမ်းရခြင်း၏ အကြောင်းအရင်းများအနက်တစ်ခုဖြစ်ပြီး တခြားအကြောင်းအရင်းများရှိသော်လည်း ထုတ်ဖော်ပြောကြားခြင်းမရှိကြောင်း ဘာလီရှိစက်မှုနှင့်ကုန်သွယ်မှုရုံးအကြီးအကဲ Ngurah Wiryanatha က ပြောကြားခဲ့သည်။

မကြာသေးမီက အကဲဖြတ်မှုများအပေါ် အခြေခံရန် စားသုံးသူများ၏ စိတ်ကြိုက်ရွေးချယ်မှုများ ပြောင်းလဲနိုင်သောကြောင့် ထုတ်လုပ်သူများအနေဖြင့် ဆန်းသစ်တီထွင်ကြရမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ရှင်းပြခဲ့သည်။

Badung Regency ၏ Manpower and Industry Service Department မှ အကြီးအကဲ Putu Eka Merthawan က စက်ရုံအား ဇူလိုင်လ ၁ ရက်နေ့တွင် တရားဝင်ပိတ်မည်ဖြစ်ကြောင်း ပြည်တွင်းမီဒီယာများက ဖော်ပြခဲ့သည်။

ထို Coca-Cola စက်ရုံသည် Badung Regency ရှိ Werdi Bhuwana ရွာတွင် တည်ရှိကြောင်းသိရသည်။

**Source: Xinhua**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## သစ်နှင့်သစ်အချောထည်တင်ပို့မှုမှ ၅ လအတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၉၉ ဘီလီယံရရှိ

ဗီယက်နမ်နိုင်ငံ၏ သစ်နှင့်သစ်အချောထည်ပစ္စည်းများတင်ပို့မှုသည် ယခုနှစ် ၅ လအတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၉၉ ဘီလီယံအထိရရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ်၁၁ ဒသမ ၅ ရာခိုင်နှုန်းတိုးမြင့်လာကြောင်း စိုက်ပျိုးရေးနှင့်သဘာဝပတ်ဝန်းကျင်ဦးစီးဌာန၏ အဆိုအရသိရသည်။

မေလတစ်လတည်းတွင် ပို့ကုန်ဝင်ငွေသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး အမေရိကန် နိုင်ငံသည် ၅ လတာကာလအတွင်း ဗီယက်နမ်နိုင်ငံ၏ သစ်နှင့်သစ်အချောထည်ပစ္စည်းများကို အများဆုံးတင်သွင်းသူဖြစ်ပြီး စုစုပေါင်း ၅၄ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း၊ ၎င်းနောက်တွင် ဂျပန်နိုင်ငံမှ ၁၂ ဒသမ ၈ ရာခိုင်နှုန်းနှင့် တရုတ်နိုင်ငံမှ ၁၀ ဒသမ ၅ ရာခိုင်နှုန်းအသီးသီးရှိကြောင်းဖော်ပြထားသည်။

အမေရိကန်နှင့် ဂျပန်သို့ သစ်နှင့်သစ်အချောထည်ပစ္စည်းတင်ပို့မှုတန်ဖိုး ၁၀ ဒသမ ၃ ရာခိုင်နှုန်းနှင့် ၂၆ ဒသမ ၆ ရာခိုင်နှုန်းအသီးသီး မြင့်တက်ခဲ့သော်လည်း တရုတ်နိုင်ငံသို့ တင်ပို့မှုမှာ ၁၅ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရသည်။

ပြည်တွင်းလုပ်ငန်းရှင်များသည် ယခုနှစ် ဧပြီလမှစပြီး ပို့ကုန်အမှာစာများ ပိုမိုရရှိခဲ့ကြောင်း၊ ကုမ္ပဏီအများအပြားသည် ယခုနှစ် ဒုတိယ ၃ လပတ်အတွက် အမှာစာအရေအတွက်မှာ ၁၅ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းအထိတိုးမြင့်လာကြောင်း ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံ၏ သစ်နှင့်သစ်အချောထည်ထုတ်ကုန်တင်ပို့မှုမှ ယခုနှစ်အတွင်း အမေရိကန် ဒေါ်လာ ၁၈ ဘီလီယံရရှိရန် မျှော်မှန်းထားကြောင်း သိရသည်။

**Source: VN Economy**

**(ဝင့်နန္ဒာကျော်ကျော်၊ စီးပွားရေးသံမှူး၊ ဟန္နိုင်းမြို့)**

https://myantrade.gov.mm/

## STOCK EXCHANGE (18.6.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 18th Jun. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,465 (Shares) | 32,362,500 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 6,500 | -100 | -1.52% | 6,600 | 6,600 | 6,500 | 936 | 6,156,900 | 33,109,694 | 215,213 |
| MTSH | 00002 | 3,000 | +50 | +1.69% | 2,950 | 3,000 | 2,950 | 3,417 | 10,198,500 | 38,929,150 | 116,788 |
| MCB | 00003 | 7,300 | +0 | +0.00% | 7,300 | 7,300 | 7,300 | 107 | 781,100 | 10,400,986 | 75,927 |
| FPB | 00004 | 1,850 | +0 | +0.00% | 1,850 | 1,850 | 1,850 | 3,178 | 5,879,300 | 29,664,613 | 54,880 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 191 | 534,800 | 12,823,224 | 35,905 |
| EFR | 00006 | 1,650 | +50 | +3.13% | 1,550 | 1,650 | 1,550 | 1,600 | 2,600,000 | 19,977,223 | 32,962 |
| AMATA | 00007 | 4,100 | +0 | +0.00% | 4,100 | 4,100 | 4,100 | 2 | 8,200 | 10,497,598 | 43,040 |
| MAEX | 00008 | 3,050 | +0 | +0.00% | 3,050 | 3,050 | 3,050 | 2,034 | 6,203,700 | 23,804,946 | 72,605 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 18th Jun. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 343.19 | -0.19 | -0.06% | 343.38 | 344.42 | 342.13 | 11,465 | 32,362,500 | 8 | 647,320 |

**Index chart**



# Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 18th Jun. 2025

| Trading Volume | Trading Value |
|---|---|
| 11,465 (Shares) | 32,362,500 (MMK) |

## Main Board

As of 1:00 pm, 18th Jun. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,465 (Shares) | 32,362,500 (MMK) |

| MYANPIX | 343.19 ▼ 0.19 |
|---|---|
| Total Volume (shares) | 11,465 |
| Total Value (MMK) | 32 mil |
| Listed Company | 8 |
| Market Cap. (MMK) | 647,320 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 6,500 | ▼ 100 |
| MTSH | 00002 | 3,000 | ▲ 50 |
| MCB | 00003 | 7,300 | ▲ 0 |
| FPB | 00004 | 1,850 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 1,650 | ▲ 50 |
| AMATA | 00007 | 4,100 | ▲ 0 |
| MAEX | 00008 | 3,050 | ▲ 0 |

TIR